အင္ဂ – ခြေဖျားမှတက် ဦးခေါင်းထက်သို့ **ဆက်ကာ ဆက်** ကာ သုံးရသော အရိုးအစုသည်။ **အတ္ထိ၊** ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလား**မ**ဟုတ် စက်ဆုပ်ဘွယ်**သာ** ထင်ရှားရှိပါသည် တကား။

အင္ဂမိဉ္ဇ–အရိုးတွင်း**ခေါ**င်း **အဆန်ပေါင်းသို့** ပြော့ပျောင်းဖြူနု ခြင်ဆီအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

---

**အကြော။** ။အကြောမကြီးနှင့် **အ**ကြောသေးဟု ၂-မျိုး ရှိ၏၊ လည်ပင်းမှစ၍ အကြောမကြီး တို့သည် တကိုယ်လုံးကို မြေးယှက်လျက် ရှေ့ဘက်မှ ငါးသွယ် နောက်**ဘက်**မှ ငါးသွယ် လက်ယာဘက်မှ ငါးသွယ် လက်ဝဲဘက်မှ ငါးသွယ်ဖြာလျက် အောက်သို့ သက်ဆင်းကြကုန်၏။ လက်တံ၌လည်း ရှေ့ဘက်ငါးသွယ် နောက်ဘက်ငါးသွယ်စီ ( ဝဲ-ယာ လက် ၂-ဘက်လုံးမှာ ) မြေးယှက်၍ တည်ကုန်၏၊ ခြေတံ ၂-ဘက်၌လည်း ဤနည်းအတိုင်း တဘက်လျှင် ရှေ့ငါးသွယ် နောက်ငါးသွယ်စီအားဖြင့် ၂၀-သော အကြောတို့ မြေးယှက်၍ တည်ကုန်၏၊ ဤကား အကြောမကြီး ၆၀-တည်း၊ အရိုး**အသား**တို့ကို ဖွဲ့တုပ် မြေးယှက်၍နေသော **အ**ကြောကလေးများလည်း ကြိုးကလေးများကဲ့သို့ တကိုယ်လုံး၌ အနှံ့အပြား **တည်**ရှိကြလေသည်၊ အကြောသေး အကြောမ အားလုံး ပေါင်းလျှင် ၉-ရာ ရှိသတတ်။